# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

December 8 , 2022 Volume 61, Number 6


၈.၁၂.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၈၄ US$ |
| မြန်မာ့ရွှေဈေး | = ၂၆၆၀၀၀၀ |
| ဒေါ်လာဈေး | = ၂၈၄၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၀၃.၈ ကျပ် |
| စင်ကာပူတစ်ဒေါ်လာ | = ၁၅၄၆.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၅၅.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၀.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၁.၂၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၄၇၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၉.၀၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၇.၂၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၃၁၉ ကျပ် |

Source: CBM Rate, etrademyanmar.com

## တနင်္သာရီတိုင်းဒေသကြီး၌ ဂျင်းခရုများ တစ်နိုင်တစ်ပိုင်မွေးမြူကြသည့်အပြင် အစုအဖွဲ့နှင့်ပါ မွေးမြူလာ



https://www.myawady.net.mm/node/33803

ပြည်တွင်းစားသုံးမှုအပြင် ထိုင်းနိုင်ငံသို့ အဓိကတင်ပို့နေသည့် ဂျင်းခရုများကို တနင်္သာရီတိုင်းဒေသကြီးရှိ ကျေးရွာများ၌ တစ်နိုင်တစ်ပိုင်မွေးမြူကြသည့်အပြင် အစုအဖွဲ့နှင့်ပါ မွေးမြူလာကြကြောင်း မြိတ်မြို့မှ ဂျင်းခရုမွေးမြူသူများ၏ ပြောဆိုချက်အရ သိရသည်။

"ဂျင်းခရုက ဈေးကောင်းရတယ်။ ထိုင်းနိုင်ငံကို အဓိကတင်ပို့ရတယ်။ ဂျင်းခရုမွေးမြူတာက အစာဖိုး ကုန်ကျစရိတ်လည်းမရှိဘူး။ ဝယ်လိုအားများပြီး ဈေးကောင်းလည်းရတော့ အကျိုးအမြတ်များတဲ့အတွက် တနင်္သာရီတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ကျေးရွာတွေမှာ မွေးမြူကြတယ်။ တစ်ဦးချင်းလည်း မွေးမြူကြသလို အစုအဖွဲ့နဲ့လည်း မွေးမြူကြတယ်" ဟု ဂျင်းခရုမွေးမြူသည့် ဒေသခံတစ်ဦးကပြောသည်။

ဂျင်းခရုကို ပြည်တွင်းစားသုံးမှုအပြင် ထိုင်းနိုင်ငံက အဓိကဝယ်ယူမှုများသည့်အတွက် ဈေးကောင်းရရှိကြောင်း၊ ဂျင်းခရုသားပေါက် တစ်ကီလိုလျှင် ငွေကျပ် ၃၅၀၀၀ ဖြင့် ဝယ်ယူမွေးမြူရပြီး ရွှံ့နွံမြေတစ်ဧကလျှင် ကန်တစ်ကန်နှုန်း မွေးမြူနိုင်ကြောင်း၊ ဒီဇင်ဘာလမှ စတင်မွေးမြူကာ မွေးမြူပြီးရှစ်လခန့်ကြာပါက ရောင်းတမ်းဝင်ကြောင်းသိရသည်။

ဂျင်းခရုဈေးနှုန်းအနေဖြင့် ဂျင်းခရုအလုံး ၈၀၊ ၉၀ တစ်ကီလိုလျှင် ငွေကျပ် ၁၀၀၀၀၊ အလုံးရေ ၁၀၀၊ ၁၁၀ တစ်ကီလိုလျှင် ငွေကျပ် ၇၀၀၀၊ အလုံးရေ ၁၂၀ တစ်ကီလိုလျှင် ငွေကျပ် ၅၀၀၀ နှင့် အလုံးရေ ၁၄၀ တစ်ကီလိုလျှင် ငွေကျပ် ၄၀၀၀ ရရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/33803


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ရန်ကုန်ဈေးကွက်သို့ မန္တလေးနှင့်ရှမ်းပြည်နယ်တို့မှထွက်ရှိသည့် အရည်အသွေးကောင်းဖရဲများ အဓိကဝင်ရောက်နေ



https://www.myawady.net.mm/sites/default/files/812101.jpg

ရန်ကုန်ဈေးကွက်သို့ မြန်မာနိုင်ငံအထက်ပိုင်းမှ အရည်အသွေးကောင်းဖရဲများ အဓိကဝင်ရောက်လျက်ရှိပြီး ဈေးကောင်းရရှိနေကြောင်း ဖရဲစိုက်ပျိုးရောင်းချသူများ၏ ပြောဆိုချက်အရသိရသည်။ ထိုသို့ဝင်ရောက်ရာတွင် မန္တလေးတိုင်းဒေသကြီးရှိ မိတ္ထီလာ၊ နွားထိုးကြီး၊ မြစ်သား၊ မြင်းခြံမြို့နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်မှ ထွက်ရှိသည့် ဖရဲများဝင်ရောက်နေခြင်းဖြစ်ပြီး တစ်တန်လျှင် ပျမ်းမျှအားဖြင့် ငွေကျပ် ၃၅ သိန်းမှ ၅၅ သိန်းအထိ ဈေးနှုန်းရရှိနေသည်။


မြန်မာ့ဖရဲကို အဓိကတင်ပို့နေသည့် တရုတ်နိုင်ငံ၌ ဖရဲ၊ သခွားမွှေးရာသီ စတင်နေပြီဖြစ်သော်လည်း ယခုနှစ်ရာသီချိန်တွင် ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် တင်ပို့ရန် အခက်အခဲများရှိနေသည့်အတွက် ရန်ကုန်ဈေးကွက်သို့ ဖရဲတင်ပို့မှုများပြားကြောင်းသိရသည်။

တရုတ်နိုင်ငံသို့တင်ပို့သည့် ဖရဲဈေးနှုန်းများမှာ စတင်တင်ပို့စဉ်ကထက် လက်ရှိတွင် အနည်းငယ်ဈေးကောင်းလာကြောင်း၊ လက်ရှိတွင် တရုတ်နိုင်ငံ၌ Zero COVID စီမံချက်ကို ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်သောကြောင့် ဖရဲဈေးကွက် အလားအလာပြန်လည်ကောင်းမွန်လာနိုင်ကြောင်း မူဆယ်ဖရဲကုန်သည်များက မျှော်မှန်းထားကြသည်။

ဒီဇင်ဘာ ၅ ရက်က မူဆယ်ဈေးကွက်၌ ဖရဲ 1kg လျှင် ၁ ဒသမ ၈ ယွမ်နှင့် ရွှေသခွားမွှေး 1kg လျှင် ၃ ယွမ်မှ ၄ ယွမ်အထိ ဈေးနှုန်းရှိနေပြီး ရန်ကုန်ဖရဲဈေးနှုန်းများမှာ အလုံးရေ ၁၀၀၀ ဆံ့ ကားတစ်စီးလျှင် ငွေကျပ် ၃၅ သိန်း၊ အလုံးရေ ၁၁၀၀ မှ ၁၂၀၀ ဆံ့ ကားတစ်စီးလျှင် ငွေကျပ် ၃၄ သိန်း၊ အလုံးရေ ၁၃၀၀ မှ ၁၄၀၀ ဆံ့ ကားတစ်စီးလျှင် ငွေကျပ် သိန်း ၃၀၊ ဒုံးကျည်သီး အမျိုးအစားများမှာ အလုံးရေ ၄၀၀၀ မှ ၄၅၀၀ ဆံ့ ကားတစ်စီးလျှင် ငွေကျပ် ၅၅ သိန်းအထိ ဈေးနှုန်းအသီးသီးရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/sites/default/files/812101.jpg

## ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၂၅ ရက်ထိ ပြည်ပသို့ကုလားပဲတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၆၇၅ သန်းရရှိ



Source: ရတနာပုံသတင်းစာ

ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၂၅ ရက်ထိ ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ ကုလားပဲတင်ပို့ရောင်းချမှုမှ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၆၇၅ သန်း နိုင်ငံခြားဝင်ငွေရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ သတင်းများအရ သိရသည်။

ပြည်တွင်းကုလားပဲဈေးကွက်တွင် ယခုနှစ် မေလမှစတင်၍ ပြည်ပဝယ်လက်အဝယ်သွက်နေပြီး ပြည်တွင်းဝယ်ယူလိုအားလည်း မြင့်တက်လာနေသဖြင့် ဈေးကွက်သွက်လက်လှုပ်ရှားလာကာ ဈေးနှုန်းများမြင့်တက်လာခဲ့ကြောင်း၊ ကုလားပဲများကို ပြည်ပသို့လည်းအပတ်စဉ်၊ လစဉ်တင်ပို့ရောင်းချပေးလျက်ရှိသောကြောင့် ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၂၅ ရက်ထိ ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၆၄၉ သန်းဖိုးနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများက အမေရိကန်ဒေါ်လာ သုည ဒသမ ၁၂၆ သန်းဖိုး တင်ပို့ရောင်းချပေးခဲ့ရာ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၆၇၅ သန်း နိုင်ငံခြားဝင်ငွေရရှိခဲ့ကြောင်းသိရသည်။

လက်ရှိတွင် အောက်တိုဘာလအတွင်း စိုက်ပျိုးခဲ့သည့်ကုလားပဲပင်များမှ ရွက်နုများကိုခူးဆွတ်၍ ဈေးကွက်သို့တင်ပို့ရောင်းချပေးနေပြီး ကုလားပဲရွက်တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ မှ ၆၀၀၀ ထိ ဈေးနှုန်းရရှိနေကြောင်း၊ ယခုနှစ် ဒီဇင်ဘာ ၃ ရက်ထိ ပြည်တွင်းဈေးကွက်များတွင် ကုလားပဲခြမ်းတစ်တင်းလျှင် ငွေကျပ် ၆၂၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

## လွယ်ဂျယ်နယ်စပ် ကုန်စည်စီးဆင်းမှုအခြေအနေ



Source: ကြေးမုံသတင်းစာ

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၆ ရက် လွယ်ဂျယ်နယ်စပ်မှ တစ်ဖက်တရုတ်နိုင်ငံသို့ ဆန် ၁၀ စီး တန်ချိန် ၂၈၄ တန်၊ ဆန်ကွဲ ငါးစီး တန်ချိန် ၁၈၁ ဒသမ ၃၀၊ တစ်သျှူးငှက်ပျော ခြောက်စီး တန်ချိန် ၉၆ တန်၊ ကြံ ၇၅ စီး တန်ချိန် ၆၅၀၊ ပြောင်း ရှစ်စီး တန်ချိန် ၁၄၀ တင်ပို့နိုင်ခဲ့သည်။ သွင်းကုန်အနေဖြင့် ပိတ်လိပ် နှစ်စီး တန်ချိန် ၃၄ ဒသမ ၅၀၊ ကုန်စုံ နှစ်စီး တန်ချိန် ၁၀ ဒသမ ၂၀၊ ဓာတ်မြေသြဇာ နှစ်စီး တန်ချိန် ၆၀၊ သွပ်နန်းခွေ တစ်စီး တန်ချိန် ၁၅ တန်၊ ပီနံအိတ် တစ်စီး တန်ချိန် ၁၃ ဒသမ ၅၀၊ ဂျပ်စက္ကူ သုံးစီး တန်ချိန် ၁၆ ဒသမ ၅၀ တင်သွင်းနိုင်ခဲ့ကြောင်း သိရသည်။

လွယ်ဂျယ်နယ်စပ်ဒေသတွင် နိုဝင်ဘာ ၁ ရက်နေ့ရှိ ငွေကြေးဈေးကွက်မှာ တစ်ယွမ်လျှင် ၄၁၆ ဒသမ ၆၇ ကျပ်ဖြစ်ပြီး ဒီဇင်ဘာ ၄ ရက်နေ့တွင် တစ်ယွမ်လျှင် ၃၉၃ ဒသမ ၇၁ ကျပ်ထိ မြန်မာကျပ်ငွေဈေး အနည်းငယ်မြင့်တက်လာကြောင်း သိရသည်။

Source: ကြေးမုံသတင်းစာ

## ဈေးကွက်ဝင် မြန်မာ့ကော်ဖီ



https://www.foodindustrydirectory.com.mm/

မြန်မာ့ကော်ဖီဈေးကွက်တွင် ပြည်တွင်း၊ ပြည်ပဝယ်လိုအားကောင်းလာသောကြောင့် ကော်ဖီစေ့တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၀၀ ခန့်အထိ ပေါက်ဈေးနှုန်းရှိကြောင်း မြန်မာနိုင်ငံကော်ဖီအသင်းမှ သိရသည်။

တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၀၀ မှ ၄၅၀၀ ပေါက်ဈေးရှိနေသော်လည်း လက်ရှိတွင် ဝယ်လိုအားမြင့်တက်လာသောကြောင့် အမေရိကန်ဒေါ်လာ ၄၅၀၀ မှ ၅၀၀၀ အထိဈေးရရှိနေခြင်းဖြစ်သည်။ လက်ရှိ မြန်မာနိုင်ငံတွင် ကော်ဖီစိုက်ဧက စုစုပေါင်း နှစ်သိန်းကျော်ကို အကောင်အထည်ဖော် စိုက်ပျိုးလျက်ရှိရာ ဧက ၅၀၀၀ ကျော်သာ အောင်မြင်ဖြစ်ထွန်းပြီး နှစ်စဉ် ကော်ဖီစေ့တန်ချိန် ၈၀၀၀ ကျော် ထွက်ရှိကြောင်းသိရသည်။ အဆိုပါကော်ဖီများကို ပြည်တွင်း၌ ဖြန့်ဖြူးရောင်းချလျက်ရှိသည့်အပြင် ပြည်ပနိုင်ငံများဖြစ်သော ဆွစ်ဇာလန်၊ ထိုင်ဝမ်၊ တရုတ်၊ ထိုင်း၊ အမေရိကန်၊ ဒူဘိုင်း၊ ဗြိတိန်၊ အိုက်စလန်၊ တောင်ကိုရီးယား၊ ဂျပန်နှင့်ဂျာမနီနိုင်ငံများသို့လည်း တင်ပို့ရောင်းချလျက်ရှိရာ ယခုနှစ်တွင် ကော်ဖီစေ့တန်ချိန် ၅၀၀ နီးပါး တင်ပို့ထားပြီဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကော်ဖီကို မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်နှင့် ရှမ်းပြည်နယ်တို့တွင် အများဆုံး စိုက်ပျိုးပြီး အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင်လည်း အနည်းငယ်စိုက်ပျိုးကြောင်းသိရသည်။ နိုင်ငံတကာတွင် ကော်ဖီကို တန်ဖိုးထားမက်မောစွာ သောက်သုံးကြသလို မြန်မာနိုင်ငံတွင်လည်း ကော်ဖီသောက်သုံးသည့် အလေ့အထရှိကြသည်။ မြန်မာနိုင်ငံ၌ ဈေးကွက်ဝင်ကော်ဖီမျိုး စိုက်ပျိုးလျက်ရှိပါသည်။ လက်ရှိကော်ဖီစိုက်ဧက သုံးသောင်းကျော်ရှိပြီး ဒေသအလိုက် ကော်ဖီစေ့မှ ကော်ဖီမှုန့်ဖြစ်လာသည့် အာရေဗီကာနှင့်ရိုလက်စတာနှစ်မျိုးကို အဓိကစိုက်ပျိုးကြသည်။

ပြင်ဦးလွင်ဒေသသည် ကော်ဖီစိုက်ပျိုးမှုအများဆုံးဖြစ်ပြီး ကော်ဖီစိုက်ဧက တစ်သောင်းကျော်ရှိကာ ဈေးကွက်အတွင်း နာမည်ရရှိပြီးဖြစ်သည်။ ပြင်ဦးလွင်၌ကျင်းပသည့် သတ္တမအကြိမ်မြောက် ကော်ဖီအရည်အသွေး အကဲဖြတ်ပြိုင်ပွဲတွင် ထုတ်လုပ်မှုအမျိုးအစားအလိုက် အဆင့်အမြင့်ဆုံး ကော်ဖီဆုများကို ပင်လောင်း၊ ရွာငံ၊ ဟိုပုံး၊ ပြင်ဦးလွင်နှင့် နောင်ချိုဒေသတို့မှ ကော်ဖီလုပ်ငန်းရှင်များက ရရှိသွားကြသည်။ ပြိုင်ပွဲတွင် ကော်ဖီများ၏ အရည်အသွေးနှင့် အနံ့အရသာတို့ကို နိုင်ငံတကာစံနှုန်းများနှင့်အညီ လိုင်စင်ရ ပြည်ပပညာရှင်၊ ပြည်တွင်းပညာရှင်များက မြည်းစမ်းစိစစ်ရွေးချယ်ပေးခဲ့ကြခြင်းဖြစ်ရာ ဆုရကော်ဖီများ၏ အရည်သွေးသည် အဆင့် အမြင့်ဆုံးဖြစ်မည်မှာ ယုံမှားသံသယမရှိ သေချာမည်သာဖြစ်ပါသည်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/cuisine/myanmar/item/5416-burmese-coffee-in-the-market.html

## ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်တွင် ခုနှစ်နေ့နံ ပန်းပုရုပ်ကြွကားချပ်များ ဝင်ရောက်လာ



Source: ရတနာပုံသတင်းစာ

ရန်ကုန်တိုင်းဒေသကြီး အမှတ်တရ လက်ဆောင်ပစ္စည်းဈေးကွက်တွင် ခုနှစ်နေ့နံ ပန်းပုရုပ်ကြွကားချပ်များ ဝင်ရောက်လာကြောင်း ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၌ တော်ဝင်မြန်မာအမှတ်တရ လက်ဆောင်ပစ္စည်း အရောင်းစင်တာ မန်နေးဂျင်းဒါရိုက်တာ ဒေါ်ခင်မြင့်ခိုင်က ပြောပြ၍သိရသည်။

အဆိုပါ ခုနှစ်နေ့နံ ပန်းပုရုပ်ကြွကားချပ်များမှာ အသင့်ချိတ်ဆွဲထားနိုင်ပြီး ခုနှစ်နေ့နံများအတွက် ပုံစံခုနှစ်မျိုး အချပ်ရေ ၁၅၀ ဝင်ရောက်ထားရာ ပန်းပုရုပ်ကြွကားချပ်များမှာ မန္တလေးတိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်အတွင်းမှ ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်း ဈေးကွက်အတွင်းသို့ ဝင်ရောက်လာကြောင်းသိရသည်။

"ဒီလထဲမှာ ထူးထူးခြားခြား စိတ်ကူးသစ်နဲ့ဝင်လာတဲ့ ပန်းပုရုပ်ကြွကားချပ်တွေကတော့ ခုနှစ်နေ့နံ ခုနှစ်ရက်သားသမီးတွေအတွက် နေ့နံအလိုက် အလှချိတ်ဆွဲထားနိုင်တဲ့ (၁၄ x ၃၆) လက်မအရွယ်အစား ပန်းပုကားချပ်တွေဖြစ်ပါတယ်။ ဒီလပထမပတ်ကမှ မန္တလေးကနေ ဈေးကွက်ထဲကို ဝင်လာတာဖြစ်ပါတယ်။ ဈေးနှုန်းကလဲ တစ်ချပ်ကို ငွေကျပ် ၉၀၀၀၀ လောက်ပဲရှိလို့ အဝယ်များပါတယ်။ ရုံး၊ အိမ်၊ ဆိုင်၊ ဧည့်ခန်းထဲမှာ ပန်းချီကားလို ချိတ်ဆွဲလို့ရတဲ့ ဒီဇိုင်းတွေဖြစ်ပါတယ်။ တနင်္ဂနွေနေ့နံအတွက်ဆိုရင် ဂဠုန်ရုပ်၊ တနင်္လာနေ့နံအတွက်ဆိုရင် ကျားစတဲ့ ခုနှစ်နေ့နံစုံ ထုလုပ်ထားတဲ့ ကျွန်းသား ပန်းပုရုပ်ကြွကားချပ်တွေဖြစ်ပါတယ်။ အခုဒီဇင်ဘာလပထမပတ်အတွင်းမှာ ပန်းပုကားချပ် ၁၀ ချပ်ရောင်းချထားပြီး ဖြစ်ပါတယ်" ဟု မန်နေးဂျင်းဒါရိုက်တာ ဒေါ်ခင်မြင့်ခိုင်က ပြောပြ၍သိရသည်။

**Source:** ရတနာပုံသတင်းစာ

## ကမ္ဘာ့ရေနံစိမ်း ဈေးကျနိုင်ဖွယ်ရှိ

ရေနံသုံးစွဲမှုထိပ်တန်းနိုင်ငံဖြစ်သော တရုတ်နိုင်ငံတွင် ငွေဖောင်းပွနှုန်းကိုလျှော့ချရန် ဗဟိုဘဏ်မှ အတိုးနှုန်းကို အမြင့်ဆုံးသို့သတ်မှတ်နေချိန်၌ ကိုဗစ်-၁၉ ရောဂါ တစ်ကျော့ပြန်ဖြစ်ပွားမှုကြောင့် ကန့်သတ်ထားမှုစည်းမျဉ်းများကို ပြန်လည်ချမှတ်နေစဉ်ကာလဖြစ်နေခြင်းကြောင့် ရေနံစိမ်းဈေးနှုန်းသည် ရှေ့လာမည့်လများတွင် ဈေးကျနိုင်ဖွယ်ရှိသည်ဟု ဈေးကွက်လေ့လာသူများက ပြောကြားကြောင်းသိရသည်။

သို့ဖြစ်၍ ရှေ့လာမည့်လများအတွင်း ရေနံစိမ်းအဝယ်များလျော့နည်းလာမှုနှင့် အရောင်းဖြန့်ဖြူးမှုများ များပြားလာပါက ကမ္ဘာ့ရေနံဈေးကွက်တွင် ပြောင်းလဲမှုများကြုံနိုင်သဖြင့် ကုန်သည်များနှင့်ဆန်းစစ်လေ့လာသူများက စိုးရိမ်နေကြကြောင်းသိရသည်။

**Source:** ကြေးမုံသတင်းစာ

## ဗီယက်နမ်နိုင်ငံတွင် ပင်လယ်အစားအသောက်ထုတ်လုပ်သည့် လုပ်ငန်းစိန်ခေါ်မှုများစွာနှင့်ကြုံတွေ့နေရ

ဗီယက်နမ်နိုင်ငံ၏ ပင်လယ်အစားအသောက် ထုတ်လုပ်သည့်လုပ်ငန်းမှ ပြည်ပသို့ တင်ပို့မှုတန်ဖိုးသည် ၂၀၂၂ ခုနှစ် ပထမ(၁၀)လပိုင်း ကာလအတွင်းတွင် ၂၀၂၁ ခုနှစ် ကာလတူနှင့်နှိုင်းယှဉ်ပါက (၃၀%) ခန့် မြင့်မားခဲ့ပြီး၊ ပင်လယ်အစားအသောက်များတင်ပို့မှုသည် တိုးတက်မှုများစွာရှိခဲ့သော်လည်း၊ ၂၀၂၂ ခုနှစ် နောက်ဆုံးလများနှင့် ၂၀၂၃ ခုနှစ် ပထမ (၃)လ အစပိုင်းကာလများတွင် တင်ပို့မှုတန်ဖိုးများမှာ ကျဆင်းလာမည့် အရိပ်အယောင်ရှိကြောင်းကို စီးပွားရေးပညာရှင်တစ်ဦးဖြစ်သည့် Dr. Dinh The Hien မှ ပြောကြားကြောင်းသိရသည်။ ယခုနှစ် ၂၀၂၂ ခုနှစ်တွင် ပင်လယ်အစားအသောက်များ ထုတ်လုပ်မှုလုပ်ငန်းသည် တစ်ခြားလုပ်ငန်းများနှင့်နှိုင်းယှဉ်ပါက အမြတ်အစွန်းများစွာရရှိသည့်လုပ်ငန်းဖြစ်သည်။

သို့သော်လည်း ငွေလဲလှယ်မှုနှုန်းထားများနှင့် ပို့ကုန်ဈေးနှုန်းများမှာ မြင့်မားနေဆဲဖြစ်ခြင်းသည် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာသကဲ့သို့ ဗီယက်နမ်နိုင်ငံ၏ အဓိကပို့ကုန်ဈေးကွက်ဖြစ်သည့် ဥရောပယူနီယံ၊ တရုတ်၊ ဂျပန်နှင့်ကိုရီးယားတို့သို့ တင်ပို့

ရာတွင် ၄င်းနိုင်ငံများမှ ၄င်းတို့၏ ပြည်တွင်းငွေကြေးနှင့်ကိုက်ညီစေရန် ဈေးလျော့ခိုင်းသည့်ပြဿနာများကိုလည်း ရင်ဆိုင်နေရကြောင်းသိရသည်။

၎င်းအပြင် ဗီယက်နမ်နိုင်ငံ၏ ပင်လယ်အစားအသောက်များ ထုတ်လုပ်မှုလုပ်ငန်းအနေဖြင့် (ဥပမာ-ဈေးနှုန်းသက်သာစွာ ရောင်းချပေးနိုင်သည့် အီကွေဒေါနှင့်အိန္ဒိယ) တို့နှင့် ဈေးနှုန်းယှဉ်ပြိုင်မှုများ၊ မြင့်မားသည့် သယ်ယူပို့ဆောင်စရိတ်များ၊ ပတ်ဝန်းကျင်ပြဿနာဆိုင်ရာ အခက်အခဲများ၊ ကုန်ကြမ်းရရှိနိုင်မှုများနှင့် ငွေလဲလှယ်မှုနှုန်းများ အတက်အကျများ စသည့်အခက်အခဲများကိုလည်း ၂၀၂၃ ခုနှစ် ပထမ (၃) လ အစပိုင်းကာလများထိ ရင်ဆိုင်ရဖွယ်ရှိကြောင်း စီးပွားရေးပညာရှင်များမှ ထပ်လောင်းပြောကြားကြောင်းသိရသည်။

Source: https://www.commerce.gov.mm/my/article/border-trade-news-update-news-international-trade-update-news-border-area-trade

## STOCK EXCHANGE (8.12.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 8th Dec. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,100 | +0 | +0.00% | 9,100 | 9,100 | 9,100 | 0 | 0 | 33,109,694 | 301,298 |
| MTSH | 00002 | 3,350 | +50 | +1.52% | 3,350 | 3,350 | 3,350 | 1,728 | 5,788,800 | 38,929,150 | 130,413 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 41 | 315,700 | 10,400,986 | 80,088 |
| FPB | 00004 | 19,500 | +500 | +2.63% | 19,500 | 19,500 | 19,500 | 12 | 234,000 | 2,472,053 | 48,205 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 123 | 319,800 | 12,823,224 | 33,340 |
| EFR | 00006 | 2,700 | +50 | +1.89% | 2,700 | 2,700 | 2,700 | 100 | 270,000 | 19,977,223 | 53,939 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 70 | 350,000 | 10,497,598 | 52,488 |

### Market summary

As of 8th Dec. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 402.26 | +2.41 | +0.60% | 401.68 | 402.26 | 401.68 | 2,074 | 7,278,300 | 7 | 699,771 |

**Index chart**



# Market Overview

## Main Board

As of 1:00 pm, 8th Dec. 2022

| MYANPIX | 402.26 ▲ 2.41 |
|---|---|
| Total Volume (shares) | 2,074 |
| Total Value (MMK) | 7 mil |
| Listed Company | 7 |
| Market Cap. (MMK) | 699,771 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,100 | ▲ 0 |
| MTSH | 00002 | 3,350 | ▲ 50 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 19,500 | ▲ 500 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 50 |
| AMATA | 00007 | 5,000 | ▲ 0 |

TIR